Chin National Front
General Headquarters
CHINLAND

US Congress ၏ Consolidated Appropriations Act, 2008. H.R. 2764 § 691(a)(b)
နှင့် ပါတ်သက်၍ ချင်းအမျိုးသားတပ်ဦး၏ ထုတ်ပြန်ချက်
ဖေဖေါ်ဝါရီလ ၁၁၊ ၂၀၀၇

ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားများ ကိုယ်ပိုင်ပြဌာန်းခွင့်ပြန်လည်ရရှိရေး၊ ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ၁၉၈၈ ခုနှစ်မှစ၍ အမျိုးသားတော်လှန်ရေး ချင်းပြည်သူများနှင့် လက်တွဲကာ ယနေ့အထိ ဆင်နွဲလျှက်ရှိသော တော်လှန်ရေးအဖွဲ့အစည်းဖြစ်ပါသည်။

စက်တင်ဘာလ ၁၁ ရက် ၂၀၀၁ ခုနှစ်တွင် အစွန်းရောက် အကြမ်းဖက်သမားများက အမေရိကန်ပြည်ထောင်စုကို အလစ်ဝင်ရောက်တိုက်ခိုက်ပြီးနောက် အမေရိကန်ပြည်ထောင်စုလွှတ်တော်သည် (Uniting and Strengthening America by Providing Appropriate Tools Required to Intercept and Obstruct Terrorism Act of 2001) ကို ပြဌာန်းလိုက်သည်။ အဆိုပါ U.S. Patriotic Act သည် ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်ကို ကူညီခဲ့သူများအတွက် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့အခြေချခွင့်နှင့် ဝင်ရောက်ခိုလှုံခွင့်ကို အဟန့်အတားပြုခဲ့သည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးသည် အခြားသောအဖွဲ့အစည်းများနှင့် လက်တွဲကာ ချွင်းချက် (Waiver) ရရှိနိုင်ရေးအတွက် လုပ်ဆောင်လာခဲ့ရာ၊ အမေရိကန်နိုင်ငံခြားရေး အတွင်းရေးမှူးထံမှ ချွင်းချက်ကို ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့တွင်၄င်း၊ အမေရိကန်နိုင်ငံပြည်တွင်းလုံခြုံရေးဌာန အတွင်းရေးမှူးထံမှ ချွင်းချက်ကို ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင်၄င်း ရရှိခဲ့သည်။ သို့ရာတွင် နက်နဲရှုပ်ထွေးလှသော ဤဥပဒေကြောင့် ချင်းအမျိုးသားတချို့အခက်အခဲနှင့် ဆက်လက်ရင်ဆိုင်နေခြင်းမှ အပြီးသတ်လွတ်ငြိမ်း ခွင့် (Automatic Relief) ရရှိနိုင်ရန် ချင်းအမျိုးသားတပ်ဦးသည် အခြားသောအဖွဲ့အစည်းများနှင့် လက်တွဲ၍ ဆက်လက်လုပ်ဆောင်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ပြည်ထောင်စုမြန်မာနိုင်ငံအပေါ်ထားရှိသည့် နိုင်ငံခြားရေးမူဝါဒသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားများ၏ နိုင်ငံရေးပြသနာကို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းရေးဖြစ်ပေသည်။ ချင်းအမျိုးသားတပ်ဦးသည်လည်းအမေရိကန်ပြည်ထောင်စု၏ ပြည်ထောင်စုမြန်မာနိုင်ငံအပေါ်ထားရှိသည့် နိုင်ငံခြားရေးပေါ်လစီနှင့်ညီထွေစွာ ၁၉၈၈ ခုနှစ်မှစ၍ တော်လှန်ရေးကို ဆင်နွဲနေခြင်းဖြစ်သည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးနှင့်အတူ နအဖအား ဆန့်ကျင်တော်လှန်တိုက်ခိုက်နေသော တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများနှင့် ထောက်ခံအားပေးသူများအပေါ် (U.S. Patriotic Act) နှင့်ငြိစွန်းမှုမရှိစေရေးအတွက် ကြိုးပန်းးလုပ်ဆောင်နေခြင်းဖြစ်သည်။

ယခုအခါ အမေရိကန်ပြည်ထောင်စုလွှတ်တော်မှ ချင်းအမျိုးသားတပ်ဦး/တပ်မတော်၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားတော်လှန်ရေးတပ်မတော်၊ ကယန်းပြည်သစ်ပါတီ နှင့် ရခိုင် (အာရာကန်) လွတ်မြောက်ရေးပါတီ စသည့် အမေရိကန်လုံခြုံရေးကို မထိခိုက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံမှ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများအား (Automatic Relief) ပေးခြင်းအပေါ် ချင်းအမျိုးသားတပ်ဦးအနေဖြင့် တခဲနက်ကြိုဆိုကြောင်း ထုတ်ပြန်လိုက်ရသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
ချင်းလဲန်း

Chin National Front – General Headquarters, Chinland